Unofficial Translation

# Statement by the President
# on the
# International Day against Drug Abuse and Illicit Trafficking
# 26 June 2019

Your Excellencies, Vice President, Union Ministers, Union Attorney General, Deputy Ministers, Ambassadors and Military Attaches`, Representatives from the UN Organizations and Non-Governmental Organizations, Members of the Central Committee for Drug Abuse Control, Representatives from the Civil Society and Community based organizations, Distinguished Guests, Ladies and Gentlemen,

A very Good Morning. Auspiciousness to you all !

**Distinguished guests,**

The International Day Against Drug Abuse and Illicit Trafficking has been observed annually all over the world since 1987, and today marks 32nd occasion. Illicit drugs can break down health and social fabrics, and the basic economy of the people and link to terrorist activities, money laundering, illicit financial flows, bribery and corruption and transnational crimes in the country. Profits generated from illicit drugs trade can also breed armed insurgencies and terrorist activities.

Every Nation and every Government has been trying to resolve the emerging threats of drugs related problems through various ways and means, utilizing their own available resources. Myanmar has also given special attention on drug related problems as a national responsibility and has been cooperating with the UN



MOFA | MMRS v1.0.0 | Printed By : ON 26/06/2019 20:05:06

Agencies, International and Regional organizations, NGOs and CBOs in various sectors.

It is found out that 5.6% of the world population, amounting up to 275 million, has been addicted to drugs at least once in their lifetime and 31 million desperately need medical treatment and health care. According to the statistics of the Ministry of Health and Sports in 2018, there are around 93,000 injection drug users in Myanmar, and as a consequence, the drugs related communicable disease such as HIV, Hepatitis C and Tuberculosis have been increased.

As we need a comprehensive, inclusive and balanced approach to resolve the drug related problem, we have adopted a new Drug Control Policy in 2018. Accordingly, the national strategic plan will be drafted in order to effectively implement the Drug Control Policy on a nationwide scale. Most importantly, we need effective policy implementation to address this daunting challenge.

**Distinguished guests,**

A hotline office was established on 22 June 2018 so that the people can file complaints and report drugs related information and thus effective actions have been taken to certain extent. However, there is a need to have more information on large scale production, distribution and trafficking. People are therefore encouraged to provide information to this office in a safe and discrete manner. Drug Enforcement Police has, up to present, conducted 25 special operations in hotspot areas and significant amount of heroin and other drugs have been seized.

In 2017, there were 41,000 hectares of poppy cultivation in Myanmar, producing 550 metric tons of opium. Poppy Cultivation dropped to 37,300 hectares in 2018, producing 520 metric tons of opium, a decrease of 9.1 % in cultivation and 5.45 % in production respectively.

However, the drugs problem escalated with the increased production of psychotropic stimulant tablets, ICE, and precursor chemicals have been trafficked illegally from the borders of neighboring countries. Seizures of psychotropic drugs also increase drastically. On the other hand, the increased production of stimulant tablets could unavoidably increase of the demand and the drug users among the younger generation. Consequently, values and ideals of the youth have been impacted dramatically.

As drugs endanger and pose vulnerability to the new generation, it is vital to enhance a comprehensive endeavour to eradicate the drug menace by the public as a national duty. As you may recall what I have stated last year on the same occasion that "if we do not collaborate and successfully combat the drug problem today, Myanmar will face a severe and drastic situation in the coming decade." The menace of drugs is slowly eroding our society, ruining the lives of our youth and destroying the dignity and future of our country. In this regard, I earnestly urge all stakeholders to join us in our efforts to fight against drugs.

**Distinguished Guests,**

In addition to the efforts of the Ministry of Health and Sports, Ministry of Education, Ministry of Information and relevant government departments, we will enhance cooperation and collaboration with the private media and the civil society to raise awareness among the public in a comprehensive manner.

We will also scale up our cooperation with the CBOs, CSOs and the general public at large to implement prevention, treatment and rehabilitation measures for drugs users.

We are fully aware that no single country alone can resolve the drug related problems, and we need to enhance cooperation in prevention and trafficking of drugs with neighboring countries.

To create a drug-free youth among the upcoming generation of students, priority must be given to strictly ban easy access to and selling of drugs, including cigarettes, in the vicinity of school environment. It is also imperative that State and Regional Governments must collaborate with students, parents and teachers and work closely with the CBOs.

It is also necessary for the public to report to the State and Regional Committees for Drug Abuse Control on drugs trafficking and drug related trade taking place in their respective communities. As we embrace the local communities and the public to have closer cooperation through performance review and recommendations, we look forward to bring about effective and concrete changes in our endeavours with greater success.

5/14



MOFA | MMRS v1.0.0 | Printed By : ON 26/06/2019 20:05:06

Distinguish Guests,

This year's theme selected by UNODC for the International Day against Drug Abuse and Illicit Trafficking is **"Health for Justice, Justice for Health"**. It is important to take drugs related problems not as a crime but as a health issue. On one hand, effective and pragmatic measures for treatment need to be undertaken. On the other hand, legislative and judiciary bodies need to work together to realize objective in an effective manner.

Before Concluding, I wish to state that our Government is striving all out efforts to reduce and eradicate the drug menace through effective cooperation and collaboration among government agencies. It is also imperative for the public to join hands and work together as a national duty and obligation of every citizen.

In conclusion, I wish to urge all of you:-

- to implement our obligation, and promote awareness on the immediate dangers of drugs among the youths and students through educational talks and exhibitions on a sustained basis;
- to encourage community based initiatives and campaigns to raise awareness on the dangers of drugs at the grass root level;
- to support and implement social-reintegration programes for drugs users and lend a helping hand to those who are in need through counselling and therapy;

6/14



MOFA | MMRS v1.0.0 | Printed By : ON 26/06/2019 20:05:06

- to report and provide information on drugs and drug trafficking, especially detailed information and intelligence on major drug syndicates, and drug producers;
- to provide information on officials who are turning a blind eye on drug cases and corrupt officials, so that we can take action against them; and
- to urge the Regional and State governments, and administrative bodies at all levels to abide by the policy that **"There will be no excuse on drugs matters"**.

Last but not least, I strongly urge the legislative, judiciary and administrative bodies, the media and civil society to take part in the building of drugs-free society through the public health-care, inclusive and fair approach.

Thank you.

* * * * * * * * *

7/14

As of 25-6-2019(1700)

MOFA | MMRS v1.0.0 | Printed By : ON 26/06/2019 20:05:06

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ပြောကြားမည့် မိန့်ခွန်း

## (၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့)

ဒီနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနဲ့ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများနဲ့ အခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ဧည့်သည်တော်များခင်ဗျား–**

ကမ္ဘာပေါ်မှာ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနဲ့ တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပလာခဲ့ကြတာ ဒီကနေ့ဆိုရင် ၃၂ ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာ ပြည်သူတွေရဲ့ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေပြီး နိုင်ငံအတွင်း အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊ တရားမဝင် ငွေကြေးစီးဆင်းမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက် ခြစားမှုများနဲ့ နိုင်ငံဖြတ်ကျော် မှုခင်းတွေကို ဖြစ်ပေါ်စေသလို တစ်ဖက်မှာလည်း မူးယစ်ဆေးဝါးက ရရှိလာတဲ့ ငွေကြေးတွေကြောင့် လက်နက်ကိုင်တော်လှန်မှု၊ အကြမ်းဖက်တိုက်ခိုက်မှု တွေကိုပါ ဆက်စပ် ဖြစ်ပေါ်စေခဲ့ပါတယ်။

8/14



MOFA | MMRS v1.0.0 | Printed By : ON 26/06/2019 20:05:06

မူးယစ်ဆေးဝါးပြဿနာရဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းကြရာမှာ နိုင်ငံတွေ၊ အစိုးရတွေအနေနဲ့ မိမိနိုင်ငံရဲ့ အရင်းအမြစ်တွေကို အခြေပြုပြီး အမျိုးမျိုးအဖုံဖုံ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ၊ နိုင်ငံတကာနဲ့ ဒေသတွင်း အဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့လည်း နည်းလမ်း အမျိုးမျိုး၊ ကဏ္ဍအစုံစုံမှာ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။

ကမ္ဘာ့လူဦးရေ ၅.၆ ရာခိုင်နှုန်းဖြစ်တဲ့ ၂၇၅ သန်းဟာ တစ်နှစ်အတွင်း မူးယစ်ဆေးဝါး အနည်းဆုံးတစ်ကြိမ် သုံးစွဲဖူးသူများဖြစ်ပြီး လူဦးရေ ၃၁ သန်းဟာ မဖြစ်မနေဆေးကုသဖို့ လိုအပ်ကြသူများ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနရဲ့ ၂၀၁၈ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံမှာ မူးယစ်ဆေး အကြောတွင်း ထိုးသွင်းသူ ၉၃၀၀၀ ဦးခန့်ထိ ရှိကြောင်း ခန့်မှန်းထားပြီး မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်တဲ့ HIV ရောဂါ၊ အသည်းရောင် အသားဝါရောဂါနဲ့ တီဘီရောဂါ ကူးစက်မှုတွေ မြင့်တက်လာကြောင်း သိရှိရပါတယ်။

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာမှာ ဘက်ပေါင်းစုံ၊ နည်းလမ်းစုံ ပါဝင်တဲ့ ချဉ်းကပ်မှုတွေနဲ့ တစ်ချိန်တည်း တစ်ပြိုင်တည်း ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်လို့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးဥပဒေနဲ့ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒအသစ်ကို ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ မူဝါဒကို အကောင်အထည်ဖော်မယ့် အမျိုးသားမဟာဗျူဟာစီမံချက်တစ်ခုရေးဆွဲပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကအရေးကြီးဆုံးက အကောင် အထည်ဖော်မှု ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

9/14

ညှိသည့်သည်တော်များခင်ဗျား-

မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက် နေ့မှာ စတင်ဖွဲ့စည်းထားရှိပြီး ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာတဲ့ တိုင်ကြားစာ သတင်းအချက်အလက်များကို စနစ်တကျစိစစ်လက်ခံပြီး ဖမ်းဆီးလျက်ရှိရာမှာ အတန်အသင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော်လည်း ပမာဏကြီးမားတဲ့ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖောက်ကားမှု သတင်းတွေ ရရှိမှုအားနည်း နေတဲ့အတွက် လုံခြုံစိတ်ချစွာ သတင်းပေးတိုင်ကြားကြဖို့လည်း တိုက်တွန်းလိုပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းတွေ ဖြစ်ပွားမှုများပြားတဲ့ နယ်မြေများအလိုက် အထူးစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာမှာ ဒီနေ့အထိ အထူးစစ်ဆင်ရေး ၂၅ ခု ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များရဲ့ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ဘိန်းဖြူအပါအဝင် အခြားမူးယစ်ဆေးဝါး အမြောက်အမြားလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၇ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ဟက်တာ ၄၁၀၀၀ ရှိပြီး ထုတ်လုပ်မှုဟာ ၅၅၀ မက်ထရစ်တန်ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဟက်တာ ၃၇၃၀၀ စိုက်ပျိုးပြီး ထုတ်လုပ်မှု ၅၂၀ မက်ထရစ်တန်ရှိတာကြောင့် ဘိန်းစိုက်ပျိုးမှုမှာ ၉.၁ ရာခိုင်နှုန်းနှင့် ထုတ်လုပ်မှုမှာ ၅.၄၅ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိခဲ့ပါတယ်။

ဒါပေမယ့် မူးယစ်ဆေးဝါးပြဿနာဟာ ကြီးမားကျယ်ပြန့်လာပြီး စိတ်ပြောင်းဆေးဝါး ထုတ်လုပ်မှုတွေဟာလည်း မြင့်တက်လာတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ စိတ်ကြွရူးသွပ် ဆေးပြား၊ အိုက်စ်နဲ့ မူးယစ်ဆေးဝါးတွေထုတ်လုပ်ရာမှာ အဓိကကုန်ကြမ်းအဖြစ် အသုံးပြုတဲ့ အစပျိုးဓာတုပစ္စည်း အမြောက်အမြားကို အိမ်နီးချင်းနိုင်ငံနယ်စပ်များမှတစ်ဆင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်လာကြပြီး ဖမ်းဆီးရမိမှုများ မြင့်တက်လာကြောင်းလည်း တွေ့ရှိရ



MOFA | MMRS v1.0.0 | Printed By : ON 26/06/2019 20:05:06

ပါတယ်။ တစ်ဖက်မှာလည်း ထုတ်လုပ်မှုတွေ မြင့်တက်နေသလို လွယ်လွယ်ကူကူ ရရှိနိုင်မှုရဲ့ အကျိုးဆက်ကြောင့် သုံးစွဲမှုနဲ့ဝယ်လိုအားများ မြင့်တက်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ လူငယ်လူရွယ်တွေအကြားမှာ မူးယစ်ဆေးဝါး သုံးစွဲမှုနှုန်း မြင့်တက်လာတာနဲ့ အမှု စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်လာပြီး ရာဇဝတ်မှုခင်းများ များပြားလာတဲ့ ဆိုးကျိုးသံသရာကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့ မျိုးဆက်သစ်လူငယ်တွေကို လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ဖို့ တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းကြဖို့ အထူးပဲအရေးကြီးပါတယ်။ ယမန်နှစ်က အခုလို အခမ်းအနားမှာ ကျွန်တော် ပြောခဲ့သလိုပါပဲ ဒီကနေ့ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ မူးယစ်ဆေးဝါး အန္တရာယ်ကို မတိုက်ဖျက်နိုင်ဘူးဆိုရင် နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားဟာ မတွေးဝံ့စရာအခြေအနေကို ဆိုက်ရောက်လာနိုင်တယ် ဆိုတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်း တစ်ရပ်လုံးကို ဖြည်းဖြည်းချင်း ဝါးမျိုပြီး ကျွန်တော်တို့ရဲ့ လူငယ်တွေကိုအညွန့်ချိုးနေတဲ့၊ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့အနာဂတ်ကို ဖြည်းဖြည်းချင်းနင်းချေပစ်နေတဲ့ ဒီမူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့ အားလုံး ပြည်သူနဲ့အတူစုပေါင်းပြီးနှိမ်နင်းကြဖို့ အထူးအလေးအနက်ထား တိုက်တွန်း ပြောကြားလိုပါတယ်။

**ဧည့်သည်တော်များ ခင်ဗျား –**

မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူတွေအကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန စတဲ့ အစိုးရအဖွဲ့အစည်းတွေအပြင် ပုဂ္ဂလိကမီဒီယာတွေ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်သွားမှာဖြစ်ပါတယ်။

11/14



MOFA | MMRS v1.0.0 | Printed By :   ON 26/06/2019 20:05:06

မူးယစ်ဆေးဝါးသုံးစွဲမှုကို ကြိုတင်ကာကွယ်ပေးဖို့၊ ဆေးကုသပေးဖို့၊ ပြန်လည်ထူထောင်ပေးဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ပြန်လည်ပေါင်းစည်းနိုင်ဖို့ ပရဟိတ အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ကျွန်တော်တို့ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာ တစ်နိုင်ငံတည်း ဆောင်ရွက်လို့မရတဲ့အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနဲ့ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွေ တိုက်ဖျက်နိုင်ရေး အိမ်နီးချင်းနိုင်ငံတွေ အပါအဝင်နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ကျောင်းသားလူငယ်တွေ မူးယစ်ဆေးဝါးကင်းစင်တဲ့ အနာဂတ်မျိုးဆက်သစ်တွေ ဖြစ်စေဖို့ဆိုရင် စာသင်ကျောင်းတွေ အနီးအနားမှာ ဆေးလိပ်အပါအဝင် မူးယစ်ဆေးဝါး ရောင်းဝယ်မှုတွေ ကင်းစင်စေဖို့နဲ့ လက်လှမ်းမီရရှိနေတာမျိုး မဖြစ်စေဖို့ ဦးစားပေးကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ရာမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေအနေနဲ့ ကျောင်းသား၊ မိဘ၊ ဆရာ/ဆရာမတွေ အပြင် လူထုအခြေပြု လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နဲ့ အောက်ခြေအထိ ဖွဲ့စည်းထားပြီးဖြစ်တဲ့ ဒေသဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့တွေထံကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား သယ်ယူပို့ဆောင်ခြင်းနဲ့ စပ်လျဉ်းပြီး ပြည်သူများက တိုင်ကြားကြဖို့ လိုအပ်ပါတယ်။ ဒီအဖွဲ့များရဲ့ ဆောင်ရွက်မှုတွေ၊ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်နဲ့ အကြံပြုချက်များကို ပြန်လည်သုံးသပ်ပြီး ဒေသခံပြည်သူနဲ့၊ ဒေသခံလူမှု အဖွဲ့အစည်းတွေပါ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး လမ်းဖွင့်ပေးထားပြီးဖြစ်လို့ ပိုပြီးထိရောက်ခိုင်မာတဲ့ အပြောင်းအလဲကို အောင်မြင်အောင် အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

12/14



MOFA | MMRS v1.0.0 | Printed By : ON 26/06/2019 20:05:06

**ဧည့်သည်တော်များခင်ဗျား–**

ဒီနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ မှုခင်းများဆိုင်ရာရုံးမှ ပေးပို့လာတဲ့ ဆောင်ပုဒ်ကတော့ Health for Justice. Justice for Health **"ကျန်းမာရေးနှင့် တရားရေး မူးယစ်ကင်းဖို့ လက်တွဲစို့"** ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲမှုပြဿနာကို ကျန်းမာရေးရှုထောင့်မှ ရှုမြင်သုံးသပ်ပြီး ကုသရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်ရမှာဖြစ်သလို ဥပဒေပြုရေးနဲ့ တရားစီရင်ရေးအပိုင်း တွေမှာလည်း ယခုထက် ပိုမိုထိရောက်စွာ ပူးပေါင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ နိုင်ငံတော်အစိုးရဟာ မူးယစ်ဆေးဝါး အန္တရာယ်ကို လျှော့ချဖို့ အစိုးရဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့နည်းတူ ပြည်သူလူထုကလည်း အမျိုးသားရေးပြဿနာအဖြစ် ခံယူပြီး အဖွဲ့အစည်းတစ်ခုချင်းစီမှ လူတစ်ဦးတစ်ယောက်ချင်းစီအထိ တာဝန်ကိုယ်စီ ရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ–

- မူးယစ်ဆေးဝါးအန္တရာယ်ဟာ ကျွန်တော်တို့တိုင်းပြည် အနာဂတ်အတွက် ကြီးမားတဲ့ ခြိမ်းခြောက်မှု အန္တရာယ်ကြီးဖြစ်ကြောင်း၊ အားလုံးသိရှိနားလည် သဘောပေါက်အောင် မျှဝေပေးနိုင်ဖို့ မူးယစ်အန္တရာယ်ပညာပေးဟောပြောပွဲတွေ၊ ပြပွဲ၊ ပြိုင်ပွဲတွေကိုလည်း ကျောင်းသားလူငယ်တွေအတွက် အဆက်မပြတ် ဆောင်ရွက်ပေးကြပါ။
- ရပ်ရွာလူထု အခြေပြုတဲ့ မူးယစ်အန္တရာယ် ကာကွယ်တားဆီးရေးနဲ့ အသိပညာပေးရေးလုပ်ငန်းတွေကို အမျိုးသားရေးလှုပ်ရှားမှု တစ်ရပ်အနေနဲ့ ဖော်ဆောင်ပေးကြပါ။

13/14



MOFA | MMRS v1.0.0 | Printed By :   ON 26/06/2019 20:05:06

- မူးယစ်သားကောင်တွေကို ညှာတာထောက်ထားပြီး လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရေး ဝိုင်းဝန်းပံ့ပိုး နှစ်သိမ့်ဆွေးနွေးပေးကြပါ။ အားနည်းသူကို ကူညီပြီး အားငယ်သူတွေကို လက်ကမ်းပေးကြပါ။
- မူးယစ်သတင်း၊ ရောင်းဝယ်ဖောက်ကားမှု သတင်းတွေသာမက ထုတ်လုပ်သူတွေ၊ မူးယစ်ရာဇဝကြီးတွေရဲ့ သတင်းတွေကို တိတိကျကျ တိုင်ကြားပေးကြပါ။
- မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ အတားအဆီးဖြစ်နေတဲ့ တာဝန်ရှောင်လွှဲသူတွေ၊ အဂတိလိုက်စားသူတွေရှိခဲ့ရင် အရေးယူမှာဖြစ်တဲ့အတွက် အမျိုးသားရေးတာဝန် အဖြစ် အချက်အလက်တွေ ပို့ပေးကြပါ။
- တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ အုပ်ချုပ်ရေးဌာနအဆင့်ဆင့် အနေနဲ့ "မူးယစ်ဆေးဝါးကိစ္စ၊ ခြွင်းချက်လုံးဝ မထားရ" ဆိုတဲ့ မူဝါဒကို အလေးထား လိုက်နာဆောင်ရွက်ပေးကြပါ။
- မူးယစ်ကင်းစင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူ့ကျန်းမာရေး အမြင်နဲ့ မျှတမှုရှိအောင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ မီဒီယာနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက အလေးအနက် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

* * * * * * * * *

14/14

Final, 21-6-2019